**နမော ဝိဘဇ္ဇဝါဒိနော မဟာကာရုဏိကဿ။**

**မဟာကာရုဏိကဿ** – ကြီးကျယ်များပြားကရုဏာတရားကို၊ ဝေနေယျာ သတ္တဝါတို့အပေါ်၌ ထားတော်မူပေထသော၊

**မဟာကာရုဏိကဿ** – အောက်သံသရာသက္ကာယ၊ အထက်သံသရာသက္ကာယဟုဆိုအပ်သော သက္ကာယ(၂)ဌာနသို့ မကျ မရောက်ရအောင် စောင့်ရှောက်ကယ်တင် မဟာကရုဏာရှင်လည်း ဖြစ်တော်မူပေထသော၊

**မဟာကာရုဏိကဿ** – ဒုက္ခတိဘုံ၌ခံစားရမည့် ဒုက္ခသစ္စာ၊ သုဂတိဘုံ၌ခံစားရမည့် ဒုက္ခသစ္စာ၊ ဤသစ္စာ(၂)ပါးတို့ကို မခံစားကြရအောင်၊ စောင့်ရှောက်ကယ်တင် မဟာကရုဏာရှင်ကြီး ဖြစ်တော်မူပေထသော၊

**ဝိဘဇ္ဇဝါဒိနော** – ဝေဖန်ပိုင်းခြားကာဟောကြားတော်မူလေ့ရှိတော်မူသော၊

**ဝိဘဇ္ဇဝါဒိနော** – ဤကားသဿတလမ်းစဉ်၊ ဤကားဥစ္ဆေဒလမ်းစဉ်ဟူ၍၊ အယုတ်တရား(၂)ပါးတို့ကို ရှောင်ရှားကာ မဇ္ဈိမပဋိပဒါ အကျင့်မြတ်လမ်းစဉ်ကိုသာလျှင် ဝေဖန်ပိုင်းခြားကာ ဟောကြားတော်မူလေ့ရှိတော်မူသော၊

**ဝိဘဇ္ဇဝါဒိနော** – ဤကား ပယ်သတ်ရမည့်အကြောင်းတရား၊ ဤကားသိရုံသာသိရမည့်အကျိုးတရား (ဤကား သံသရာ လည်စေတတ်သောတရား၊ ဤကား သံသရာ မလည်စေတတ်သည့်တရား၊ ဤကား အပြစ်ဖြစ်သည့် အကြောင်းတရား၊ ဤကား အပြစ်မရှိသည့် အကျိုးတရား) ဟူ၍၊ ပယ်ရမည့်ပဟာတဗ္ဗခန္ဓာ၊ သိရမည့်ပရိညာတဗ္ဗခန္ဓာတို့ကို (ကွဲပြားအောင် ခွဲခြား၍) ဝေဖန်ပိုင်းခြားကာ ဟောကြားတော်မူလေ့ရှိတော်မူသော၊

**သမ္မာသမ္ဗုဒ္ဓဿ** – သစ္စာလေးတန်ဓမ္မမှန်ကို ဆရာမကူသယမ္ဘူဉာဏ်ဖြင့်၊ ကိုယ်တော်တိုင် ပြည့်စုံစွာသိမြင်တော်မူပြီးထသော၊ ကိုယ်တော်တိုင်ပြည့်စုံစွာသိမြင်တော်မူပြီးသည့်အလျောက် ဝေနေယျသတ္တဝါတို့ ကိုယ်တော်နှင့်မခြားတမူ၊ အလားတူသာလျှင် သိမြင်တော်မူစေတတ်သော သဗ္ဗညုတဉာဏ်ပိုင်ရှင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား၊

**အမှာကဲ** – ထေရဝါဒ ဒဿနသမ္မဒါ နည်းအဖြာဖြာကို ဒေသနာတော်အရပ်ရပ်မှ ဖွေရှာကာ တင်ပြဟောကြားမည့် တပည့်တော်နှင့် ရှိသေစွာ နာယူမှတ်သားကြမည့် တရားနာ ပရိတ်သတ်အပေါင်း သူတော်ကောင်းတို့၏

**နမော** – ဦးခေါင်းညွှတ်ကျိုး လက်စုံမိုး၍ ရှိခိုးလိုက်ရခြင်းသည်၊

**အတ္ထု** – စင်စစ်မသွေ ဖြစ်ပါစေသတည်း။